**YANGON AERODROME COMPANY LIMITED**

*Setting the standard for high performance*

**Press Release**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Link Bridge ကို အများပြည်သူအသုံးပြုနိုင်ရေးအတွက် အောက်တိုဘာလ ၂၂ ရက်တွင် စတင်ဖွင့်လှစ်

- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 (Level 4) နှင့် ကားရပ်နားရာနေရာ (ပါကင် B) အကြား Link Bridge အား အသုံးပြုသွားလာနိုင်ပြီဖြစ်ပါသည်။

**ရန်ကုန်- အောက်တိုဘာ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်** - ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 (Level 4) နှင့် ကားရပ်နားရာ နေရာ (ပါကင် B) တို့ကို တိုက်ရိုက်ဆက်သွယ်ထားသည့် Link Bridge အား အများပြည်သူအသုံးပြုနိုင် ရေးအတွက် အောက်တိုဘာလ ၂၂ ရက်တွင် စတင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါသည်။




*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 ၊ Level 4 နှင့် ကားရပ်နားရာနေရာကို တိုက်ရိုက်ဆက်သွယ်ထားသည့် Link Bridge အား တွေ့ရစဉ်*

အဆိုပါ Link Bridge အား ဖွင့်လှစ်လိုက်ခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် ကားရပ်နားရာနေရာ နှင့် Terminal 1 သို့ ကူးသန်းသွားလာရာတွင် အဆင်ပြေချောမွေ့စွာ နှင့် သက်တောင့်သက်သာရှိစွာ သွားလာနိုင်ပြီဖြစ်ပါသည်။

ဤ Link Bridge အား ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ ခရီးသွားပြည်သူများအတွက် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ နှင့် အခြားသော စိတ်ဝင်စားဖွယ် နိုင်ငံတကာလေဆိပ်အတွေ့အကြုံများကို ဝန်ဆောင်မှုပေးနိုင်ရန်လည်း စဉ်ဆက်မပြတ်ကြိုးပမ်းလျက် ရှိပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၅ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။